# MSECအွန်လိုင်းအရောင်းအဝယ်ပြုလုပ်ခြင်း အထူးသဘောတူကတိစာချုပ် (မြန်မာနိုင်ငံသားများအတွက်သာ)

## ၁။ အထွေထွေ စည်းကမ်းချက်များ

**ရည်ရွယ်ချက်**

ဤ MSEC အွန်လိုင်း အရောင်းအဝယ်ပြုလုပ်ခြင်း အထူးသဘောတူကတိစာချုပ်"(နောင်တွင် "စာချုပ်" ဟုခေါ်ဝေါ် သုံးစွဲသွားမည်) သည် မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်- Myanmar Securities Exchange Centre Co., Ltd. (နောင်တွင် “MSEC” ဟု ခေါ်ဝေါ်သုံးစွဲသွားမည်) နှင့် အွန်လိုင်း အရောင်းအဝယ် ဝန်ဆောင်မှု အသုံးပြုသူ (နောင်တွင် "ဝန်ဆောင်မှု အသုံးပြုသူ" ဟု ခေါ်ဝေါ်သုံးစွဲသွားမည်)တို့နှင့်သက်ဆိုင်သည့်အခွင့်အရေး နှင့်တာဝန်ဝတ္တရားအသီးသီးကို ရှင်းလင်းစွာ ဖော်ပြထားရန် ရည်ရွယ်ပါ သည်။

ဤစာချုပ်သည် မူလ အရောင်းအဝယ်သဘောတူစာချုပ်၏ နောက်ဆက်တွဲဖြစ်ပြီး၊ မူလစာချုပ်ကိုအစားထိုးခြင်း မဟုတ်ပါ။

ဝန်ဆောင်မှုအသုံးပြုသူသည် ဤစာချုပ်အရ MSEC မှ တိကျစွာဖော်ပြထားပြီး ခွင့်ပြုထားသောအတိုင်းအတာအထိသာ အွန်လိုင်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆောင်ရွက်ခွင့်ရှိမည် ဖြစ်ပါသည်။

**MSEC တွင် တာဝန်မရှိကြောင်း ကြိုတင် အသိပေးခြင်း**

အောက်ဖော်ပြပါ အကြောင်းအရာ၊ ကိစ္စရပ်များနှင့် ပတ်သက် ၍ MSEC က တာဝန်ရှိမည်မဟုတ်ကြောင်း ငြင်းဆိုပါသည်။ ဤသို့ ကြိုတင်အသိပေးငြင်းဆိုခြင်းသည် သက်ဆိုင်ရာ တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျိုးသက်ရောက် မှု အပြည့်အဝ ရှိစေရမည် ဖြစ်ပါသည်။

(၁) ကွန်ရက်စနစ်တွင် အနှောင့်အယှက် ဖြစ်ပေါ်ခြင်း၊ ဆက်သွယ်ရေးစနစ်၊ လျှပ်စီးပတ်လမ်း သို့မဟုတ် စက်ပစ္စည်း ကိရိယာများ ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်မီး ပြတ်တောက်ခြင်း၊ အခြား ပြင်ပကန်ထရိုက်တာများ၏ ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသော နှောင့်နှေးမှုများ အစရှိသည့် MSEC က တာဝန်မရှိသော အခြေအနေများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ။

(၂) ဝန်ဆောင်မှု အသုံးပြုသူ၏ အမှာစာကြောင့် ပေါ်ပေါက်သော ဆုံးရှုံးမှု သို့မဟုတ် ၎င်း၏ Securities account အတွင်းသို့ Login ID နှင့် Password ကို ရိုက်နှိပ်ဝင်ရောက်ပြီး အွန်လိုင်းအရောင်းအဝယ် ပြုလုပ်သူ တို့က အမှာစာများပေးပို့ပြီး၊ အရောင်းအဝယ်ပြုလုပ်ခြင်းဖြင့် ဖြစ်ပေါ်လာ သော ဆုံးရှုံးမှုများ။

(၃) ဝန်ဆောင်မှုအသုံးပြုသူက အွန်လိုင်းဖြင့် အရောင်းအဝယ် ပြုလုပ်ရာ တွင် အသုံးပြုရသည့် မိမိ၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ပေါ့ဆစွာ ကိုင်တွယ် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ။

(၄) ဝန်ဆောင်မှုအသုံးပြုသူက မိမိအသုံးပြုသော စက်ပစ္စည်းများ၏ လုံခြုံမှုကို စိတ်ချယုံကြည်ရသော အခြေအနေအထိ စီမံဆောင်ရွက်ခြင်း မရှိသောကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ။

(၅) ဤစာချုပ်၏ အပိုင်း ၂ တွင် တိကျစွာဖော်ပြထားသော အရောင်း အဝယ် အမှာစာလက်ခံချိန်ကျော်လွန်ပြီးမှ တင်သွင်းသော အမှာစာကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ။

(၆) ဤစာချုပ်၏ အပိုင်း ၂ နှင့် ၃ တွင် တိကျစွာ ဖော်ပြထားလျက်နှင့် ဝန်ဆောင်မှုအသုံးပြုသူ ကိုယ်တိုင် မှားယွင်းတင်သွင်းမိသော အမှာစာများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ။

(၇) ဝန်ဆောင်မှုအသုံးပြုသူသည် ဤစာချုပ်တွင် တိကျစွာ ဖော်ပြထားသော တားမြစ်ချက်များကို ဖောက်ဖျက်သဖြင့် MSEC က အွန်လိုင်း အရောင်း အဝယ် အမှာစာများကို ငြင်းပယ်ခြင်းကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှု များ။

(၈) ဝန်ဆောင်မှုအသုံးပြုသူသည် ဤစာချုပ်တွင် တိကျစွာ ဖော်ပြထားသော တားမြစ်ချက်များကို ဖောက်ဖျက်သဖြင့် MSEC က အွန်လိုင်းအရောင်း အဝယ် ဝန်ဆောင်မှုကိုရပ်ဆိုင်းထားခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှု များ။

(၉) ဝန်ဆောင်မှုအသုံးပြုသူသည် ဤစာချုပ်နှင့် မူလ အရောင်းအဝယ် သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပြီး အရောင်းအဝယ် ပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ် လာသော ဆုံးရှုံးမှုများ။

**အငြင်းပွားမှုကို ဖြေရှင်းခြင်း**

ဤသဘောတူညီချက်နှင့်ဆက်စပ်ပတ်သက်၍ MSEC နှင့် လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူတို့အကြားတွင် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက အဆိုပါအငြင်းပွားမှုကို နှစ်ဘက်ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းဖျန်ဖြေသော နည်းလမ်းဖြင့် ဦးစွာဖြေရှင်းကြမည်ဟု သဘောတူပါသည်။ အကယ်၍ အငြင်းပွားမှု စတင်ဖြစ်ပေါ်သည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း အထက်ပါ နည်းလမ်းအတိုင်း ဖြေရှင်း၍ မရနိုင်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆို ခွင့်ရှိပါသည်။

**ငြင်းပယ်ခြင်း**

(၁) ဝန်ဆောင်မှုအသုံးပြုသူအနေဖြင့် ဤသဘောတူစာချုပ် နှင့် မူလ အရောင်းအဝယ် သဘောတူစာချုပ်ပါ မည်သည့် စည်းကမ်းချက်ကိုမဆို ဖောက်ဖျက်ပါက MSEC က ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ အမှာစာများကို လက်ခံရန် ငြင်းပယ်ခြင်း သို့မဟုတ် အရောင်းအဝယ် မဖြစ်စေရန် ရပ်ဆိုင်းထားခြင်းများ ပြုလုပ်ပါမည်။

(၂) MSEC သည် တစ်ကြိမ်လျှင် ငွေကျပ် (၂၀) သန်းထက်ပိုသော မည် သည့် အရောင်းအဝယ်အမှာစာကိုမဆို ငြင်းပယ်မည်ဖြစ်ပါသည်။ သို့သော် ဝန်ဆောင်မှုအသုံးပြုသူအနေဖြင့် အွန်လိုင်းအရောင်းအဝယ် အမှာစာများ မတင်သွင်းမီ ဤသဘောတူစာချုပ် အပိုင်း ၂ တွင် အတိအကျဖော်ပြထားသော အမှာစာတစ်ကြိမ်လျှင် အများဆုံး အရောင်းအဝယ်ပြုလုပ်နိုင်သည့် သတ်မှတ်ငွေပမာဏကို စစ်ဆေး၊ သိရှိပြီးဖြစ်ရန် တာဝန်ရှိသည်။

**ရပ်ဆိုင်းထားခြင်း**

ဝန်ဆောင်မှုအသုံးပြုသူ သို့မဟုတ် ၎င်းမှတဆင့် အွန်လိုင်းဖြင့် အရောင်းအဝယ်ဝန်ဆောင်မှုကို ရယူအသုံးပြုသူမည်သူမဆို အောက်ဖော်ပြပါ လုပ်ဆောင်မှုများအတွက် အွန်လိုင်းဝန်ဆောင်မှုကို အသုံးပြုခွင့်မရှိပါ။

(၁) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အစိုးရအမိန့်နှင့် ဒီကရီများအရ တားမြစ်ထားသည့် လုပ်ဆောင်မှုများ။

(၂) အခြားသူတစ်ယောက်၏ အသုံးပြုမှုကို ချိုးဖောက်ခြင်း (သို့) ယိုယွင်းစေခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခု၊ အွန်လိုင်းအရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်း၊ သတင်းအချက်အလက်၊ စာရင်း သို့မဟုတ် ကွန်ပျူတာကွန်ရက်တစ်ခုခုကို တရားမဝင်သောနည်းဖြင့် ဝင်ရောက်ရယူ အသုံးပြုခြင်း (သို့) နှောင့်ယှက်ခြင်း။

(၃) ဤစာပိုဒ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက အွန်လိုင်း အရောင်းအဝယ်ဝန်ဆောင်မှု၏တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း ကြိုတင်အသိပေးခြင်း မပြုဘဲ ရပ်ဆိုင်းခြင်းခံရမည်။

**ရပ်စဲခြင်း**

MSEC သည် အွန်လိုင်း အရောင်းအဝယ် ဝန်ဆောင်မှု၏ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း ကြိုတင်အသိပေးခြင်း မပြုဘဲ ဆီလျော်သော အကြောင်းများကြောင့် အချိန်မရွေး ရပ်ဆိုင်းနိုင်သည်။

**စာချုပ်ပယ်ဖျက်ခြင်း**

အောက်ပါ ကိစ္စရပ်များပေါ်ပေါက်လာပါက ဤစာချုပ်ကို ပယ်ဖျက်နိုင် သည်။

(၁) ဝန်ဆောင်မှုအသုံးပြုသူက အတွင်းသတင်းရရှိမှုများအပေါ် အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ပြီး အမြတ်ထုတ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊ MSEC ၏ အသိပေးတားမြစ်ချက်များကို မလိုက်နာခြင်း။

(၂) MSEC က ဝန်ဆောင်မှုအသုံးပြုသူထံသို့ စာချုပ်ကို ပယ်ဖျက်ရန် တောင်းဆိုချက် တင်သွင်းခြင်း။

(၃) ဝန်ဆောင်မှုအသုံးပြုသူက MSEC ထံသို့ စာချုပ်ကို ပယ်ဖျက်ရန် တောင်းဆိုချက် တင်သွင်းခြင်း။

**စာချုပ်ကို ပြင်ဆင်ခြင်း**

(၁) ဤစာချုပ်ကို သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များတွင်အပြောင်းအလဲတစ်စုံတစ်ရာဖြစ်ပေါ်သည့်အချိန်တွင်လည်းကောင်း၊ MSEC က ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်သည်ဟုယူဆသည့် အချိန်တွင်လည်းကောင်း ပြင်ဆင်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

(၂) ဤစာချုပ်ကို ပြင်ဆင်ပြီး သင့်လျော်သော အချိန်ကာလ အတွင်းတွင် ဝန်ဆောင်မှုအသုံးပြုသူထံမှ ကန့်ကွက်ချက် မရှိပါက ဝန်ဆောင်မှုအသုံးပြုသူက ထိုပြင်ဆင်ပြောင်းလဲချက်များကိုသဘောတူပြီး ဖြစ်သည်ဟု သတ်မှတ်ကြပါမည်။

**၂။ အွန်လိုင်းအရောင်းအဝယ် ဝန်ဆောင်မှု**

**[အွန်လိုင်းအရောင်းအဝယ် ဝန်ဆောင်မှု]**

MSEC က လက်ခံထားသော ဝန်ဆောင်မှု အသုံးပြုသူသာလျှင် အွန်လိုင်းအရောင်းအဝယ် ဝန်ဆောင်မှုများကို အသုံးပြုခွင့်ရှိမည် ဖြစ်ပါသည်။

(၁) ဝန်ဆောင်မှုအသုံးပြုသူသည် MSEC၏ ဝက်ဘ်ဆိုဒ် (https://login.msecmyanmar.com/) မှတစ်ဆင့် သို့မဟုတ်၊ MSEC Mobile Trading App မှတစ်ဆင့် အွန်လိုင်း အရောင်းအဝယ်အမှာစာများ တင်သွင်းနိုင်မည်ဖြစ်သည်။

(၂) ဝန်ဆောင်မှုအသုံးပြုသူမှ အင်တာနက်မှတစ်ဆင့် အရောင်းအဝယ်အမှာစာများ တင်သွင်းရာတွင် ထိုသို့ အင်တာနက်မှ တင်သွင်းခြင်းကို MSEC က လက်ခံရရှိသည့် အချိန်ကိုသာ အမှာစာလက်ခံရရှိသည့် အချိန်အဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

(၃) ဝန်ဆောင်မှုအသုံးပြုသူသည် အစိုးရငွေတိုက်လက်မှတ်/စာချုပ်အတွက် အွန်လိုင်း အရောင်းအဝယ်အမှာစာ များကို MSEC၏ ဝက်ဘ်ဆိုဒ် (https://login.msecmyanmar.com/) မှတစ်ဆင့် သို့မဟုတ်၊ MSEC Mobile Trading App မှတစ်ဆင့် တင်သွင်းနိုင်မည်မဟုတ်ပါ။

(၄) ဝန်ဆောင်မှုအသုံးပြုသူ အသုံးပြုသော ကွန်ပျူတာ၊ စမတ်ဖုန်း၊ အီလက်ထရောနစ် စက်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ အသုံးပြုနိုင်သော ဝန်ဆောင်မှု အမျိုးအစားများမှာ ကန့်သတ်ချက် ရှိနိုင်ပါသည်။

**(၅)** နေ့ချင်း အွန်လိုင်းအရောင်းအဝယ် အမှာစာများအတွက် အမှာစာ လက်ခံမည့်အချိန်မှာ နေ့စဉ် နံနက် ၅:၀၀ နာရီ မှ အရောင်းအဝယ် ပြုလုပ်ပေးသည့်အချိန် တစ်ခုချင်းစီ (Matching time) မတိုင်မီ အထိလည်းကောင်း၊ နောက်နေ့အတွက် ကြိုတင်အမှာစာများကို ၂၄/၇ [ပြုပြင်ထိန်းသိမ်းချိန် - မနက် ၄:၀၀ နာရီ- ၅:၀၀ နာရီမှအပ] အတွင်း လည်းကောင်း အမှာစာ တင်သွင်း နိုင်ပါသည်။

(၆) အမှာစာအမျိုးအစားများမှာ လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူ၏ ရွေးချယ်မှုပေါ်မူတည်၍ ကွဲပြားနိုင်ပါသည်။ အမှာစာ အမျိုးအစား ၂ မျိုး ရှိပါသည်။

(က) ဈေးကွက်အမှာစာ - ဈေးကွက်ဖွင့်ချိန်အတွင်း တင်သွင်းသော နေ့ချင်းအမှာစာဖြစ်ပါသည်။

(ခ) နောက်နေ့အတွက် ကြိုတင်ထားသောအမှာစာ - နောက်တစ်ရက်အတွက် ကြိုတင်ထားသော အမှာစာဖြစ်ပြီး ၂၄/၇ [ပြုပြင်ထိန်းသိမ်းချိန်မှအပ] အတွင်းတင်သွင်းနိုင်ပါသည်။ ၄င်း အမှာစာများသည် လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးသက်သေခံစာရင်းအကောင့်တွင် ရှယ်ယာ/ငွေသား အလုံအလောက်ရှိပါက နောက်နေ့ဈေးကွက်ဖွင့်ချိန်တွင် အိတ်ချိန်းသို့ ရောက်ရှိသွားမည် ဖြစ်ပါသည်။

(၇) အွန်လိုင်းအသုံးပြု၍ အမှာစာပေးပို့ပါက အမှာစာတစ်ခုစီ အတွက် အများဆုံး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ကန့်သတ်ပမာဏမှာ ငွေကျပ် (၂၀) သန်းဖြစ်ပါသည်။(*)

* ဖုန်းဖြင့်သော်လည်းကောင်း၊ MSEC ရုံးခန်းသို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း အမှာစာများပေးပို့မည်ဆိုပါကပမာဏ ကန့်သတ်ချက်မရှိပါ။

* ဈေးကွက်အမှာစာနှင့် ပတ်သက်၍သက်ဆိုင်ရာ ရှယ်ယာ၏ သက်ဆိုင်ရာနေ့တွင်ရှိနေသော အမြင့်ဆုံးရှယ်ယာဈေးနှုန်းပေါ်တွင် အခြေခံ၍ ဝန်ဆောင်မှု အသုံးပြုသူက အများဆုံးဝယ်ယူနိုင်သည့် ရှယ်ယာအရေအတွက်နှင့် လက်ရှိဈေးနှုန်းပေါ်တွင် အခြေခံသည့် ရောင်းချနိုင်သော ရှယ်ယာအရေအတွက်ကို သတ်မှတ်/ တွက်ချက်မည်ဖြစ်သည်။

**Login စီမံခန့် ခွဲမှု**

(၁) ဝန်ဆောင်မှုအသုံးပြုသူသည် ၎င်း၏စကားဝှက်ကို ပုံမှန်ပြောင်းလဲသတ်မှတ်ခြင်းအစရှိသော သင့်လျော်ရာနည်းလမ်းများဖြင့် မိမိကိုယ်တိုင် ထိန်းသိမ်း၊ စီမံခန့်ခွဲရပါမည်။

(၂) ဝန်ဆောင်မှုအသုံးပြုသူသည် ၎င်း၏စကားဝှက်ကို ကောင်းမွန်စွာ မထိန်းသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုများအတွက် MSEC က တာဝန်မရှိပါ။

(၃) ID နှင့် Password ကို အလွဲသုံးစားပြုပြီး အသုံးပြုနေကြောင်း MSEC က ယုံကြည်ပါက MSEC က အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်သတ်ခြင်း (သို့မဟုတ်) ဆိုင်းငံ့ထားခြင်းတို့ ပြုလုပ်နိုင်ပါသည်။

(၄) အွန်လိုင်းအရောင်းအဝယ် ဝန်ဆောင်မှုအသုံးပြုရန်အတွက် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကောင်းမွန်စွာ ကာကွယ်ထိန်းသိမ်းရန်နှင့် လိုအပ်သော လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များ ပြုလုပ်ထားရှိရန်အတွက် ဝန်ဆောင်မှု အသုံးပြုသူ၌သာ အချိန်ပြည့်တာဝန် ရှိပါသည်။

**၃။ အရောင်းအဝယ်အမှာစာများ**

**[အရောင်းအဝယ်အမှာစာများ]**

(၁) ရှယ်ယာ အရောင်းအဝယ်အတွက်အမှာစာ နှစ်မျိုးရှိပါသည်။

(က) ကန့်သတ်အမှာစာ - မိမိဝယ်လိုသော/ရောင်းလိုသော ဈေးနှုန်းကို အတိအကျသတ်မှတ်ထားသော အမှာစာဖြစ်ပြီး၊ သတ်မှတ်သောဈေးနှုန်းထက်မပိုသော ဈေးနှုန်းဖြင့်မဝယ်ရန် သို့မဟုတ် သတ်မှတ်သော ဈေးနှုန်းအောက် လျော့နည်းပါက မရောင်းရန် သတ်မှတ်ထားသော အမှာစာဖြစ်ပါ သည်။ သတ်မှတ်ဈေးနှုန်းနှင့်မကိုက်ညီပါက အရောင်းအဝယ်ပြုလုပ်ပေး မည် မဟုတ်ပါ။

(ခ) ဈေးကွက်အမှာစာ - ဈေးကွက်ပေါက်ဈေးအတိုင်း အရောင်းအဝယ်ပြုလုပ်ရန် အမှာစာဖြစ်သောကြောင့် အရောင်းအဝယ်ဖြစ်မြောက်ရန် လွယ်ကူပြီး၊ မမျှော်မှန်းထားသောဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်မြောက်သွားနိုင်သည်။ ဈေးကွက်အမှာစာများသည် ကန့်သတ်အမှာစာများထက် အရောင်းအဝယ် ဖြစ်နိုင်ချေ ပိုများသည်။

(၂) ရှယ်ယာအတွက်အမှာစာ ပေးပို့ခြင်း (သို့မဟုတ်) အမှာစာရုပ်သိမ်းခြင်းများကို MSEC Trading System ရှိ “PORTFOLIO” ၏ “OPEN ORDERS” နှင့် “AMO ORDERS [After Market Orders]” တွင် ဖော်ပြပေးထားသည့်အတိုင်း အတည်ပြုရမည် ဖြစ်ပါ သည်။

(၃) ဝန်ဆောင်မှုအသုံးပြုသူက MSEC ထံသို့ ရှယ်ယာအဝယ်အမှာစာ တင်နိုင်သော ပမာဏသည် MSEC က သတ်မှတ်ထားသော ပမာဏအတွင်းသာ ဖြစ်ရပါ မည်။ ယင်းပမာဏသည် MSEC က သတ်မှတ် ထားသော နည်းစနစ်အရ တွက်ချက်ထားသော ပမာဏသာ ဖြစ်ရပါမည်။ အဝယ်အမှာစာ မတင်သွင်း မီ ဝန်ဆောင်မှုအသုံးပြုသူမှ မိမိဝယ်လိုသော ငွေပမာဏအား MSEC ဘဏ် စာရင်းသို့ ထည့်သွင်းပေးရမည်။ ငွေသားဖြင့် ဝယ်ယူခြင်းကို လက်ခံမည် မဟုတ်ပါ။

(၄) ဝန်ဆောင်မှုအသုံးပြုသူက MSEC သို့ ရှယ်ယာအရောင်းအမှာစာတင်နိုင်သော ပမာဏသည် ဝန်ဆောင်မှုအသုံးပြုသူက MSEC ထံ၌ အပ်နှံထားသော (သို့မဟုတ်) MSEC က စီမံခန့်ခွဲပေးနေရသော ပမာဏထက် မကျော်လွန်စေရပါ။

(၅) အရောင်းအဝယ်ပြုလုပ်နိုင်သော ရှယ်ယာများကို ခွဲဝေရာ၌ ဝန်ဆောင်မှုအသုံးပြုသူက အရောင်းအဝယ်ပြုလုပ်ရန် အဆိုပြုထားသော ရှယ်ယာအရေအတွက် အားလုံးကို မရရှိခြင်းသော်လည်းကောင်း၊ အဆိုပြုထားသော ရှယ်ယာအရေအတွက်ထက် လျော့နည်းသော အရေအတွက်ကိုသာ ရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

(၆) ဆက်သွယ်ရေးကွန်ရက်ပြတ်တောက်ခြင်း၊ ကွန်ပျူတာစနစ် ချို့ယွင်းခြင်း၊ လျှပ်စီးပတ်လမ်း သို့မဟုတ် စက်ပစ္စည်းချို့ယွင်းခြင်း အစရှိသော အကြောင်းရင်းများကြောင့် ဝန်ဆောင်မှုအသုံးပြုသူထံမှ လက်ခံရရှိထားသော ရှယ်ယာအရောင်းအဝယ် အမှာစာများကို စတော့အိပ်ချိန်းသို့ မပို့နိုင်သည့်အချိန်တွင် MSEC က ထိုအမှာစာများကို ပယ်ဖျက်နိုင်သည်။

(၇) ရှယ်ယာအရောင်းအဝယ် အမှာစာ၏သက်တမ်းသည် ဝန်ဆောင်မှုအသုံးပြုသူ၏ ရွေးချယ်မှု အပေါ်မူတည်၍ အကျုံးဝင်မည်ဖြစ်ပါသည်။

(က) တစ်နေ့အတွက်အမှာစာ - ၎င်းအမှာစာမှာ ဝန်ဆောင်မှုအသုံးပြုသူကအမှာစာတင်သွင်းသော နေ့တစ်နေ့တည်းအတွက် သာအကျုံးဝင်ပါသည်။

(ခ) သတ်မှတ်ရက်အထိအကျုံးဝင်မည့်အမှာစာ - ၎င်းအမှာစာမှာ ဝန်ဆောင်မှုအသုံးပြုသူက သတ်မှတ်သောအမှာစာ သက်တမ်းကုန်ဆုံးမည့် နေ့ (သို့မဟုတ်) သက်တမ်းမကုန်ဆုံးမီ အရောင်းအဝယ်ဖြစ်မြောက်သည့်နေ့ အထိ အကျုံးဝင်ပါသည်။

(ဂ)မပယ်ဖျက်မီရက်အထိအကျုံးဝင်မည့်အမှာစာ - ၎င်းအမှာစာမှာ ဝန်ဆောင်မှုအသုံးပြုသူက MSEC မှသတ်မှတ်ထားသော သက်တမ်းမကုန်ဆုံးမီရက်အထိ အမှာစာအား ပယ်ဖျက်မှုမပြုလုပ်မခြင်း (သို့) သက်တမ်းမကုန်ဆုံးမီ အရောင်းအဝယ်ဖြစ်မြောက်သည့်နေ့အထိ အကျုံးဝင်ပါသည်။

(၈) ရှယ်ယာအရောင်းအဝယ် အမှာစာများကို ပြင်ဆင်ပြောင်းလဲ၍မရပါ။ ပြင်ဆင်လိုပါကအရောင်းအဝယ်မဖြစ်မြောက်မီ ဝန်ဆောင်မှုအသုံးပြုသူက မိမိတင်ထားသော အမှာစာ ကို ဦးစွာပယ်ဖျက်၍ ရှယ်ယာအရောင်းအဝယ် အမှာစာအသစ်တင်သွင်းရန် လိုအပ်ပါသည်။ အကယ်၍ ရှယ်ယာ အရောင်းအဝယ်ဖြစ်မြောက်ပြီးပါက ဖြစ်ပေါ်လာသော ကိစ္စအားလုံးကို ဝန်ဆောင်မှုအသုံးပြုသူမှ တာဝန်ယူရပါမည်။အရောင်းအဝယ်ဖြစ်မြောက်ပြီး နောက်တွင် ဝန်ဆောင်မှု အသုံးပြုသူက အမှာစာကို ပယ်ဖျက်၍ မရပါ။

**အရောင်းအဝယ်ဖြစ်မြောက်ခြင်းနှင့် စာရင်းရှင်းလင်းခြင်း**

**[အရောင်းအဝယ်ဖြစ်မြောက်ခြင်း]**

MSEC သည် စတော့အိပ်ချိန်းမှ ရှယ်ယာအမှာစာအရောင်းအဝယ် ဖြစ်မြောက်ကြောင်း အတည်ပြုချက်ရရှိ သည်နှင့် တစ်ပြိုင်နက် ဝန်ဆောင်မှု အသုံးပြုသူသိရှိစေရန် အမှာစာများ၏အခြေအနေကို MSEC ၏ Trading System တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

**[စာရင်းရှင်းလင်းခြင်း]**

(၁) ရှယ်ယာအရောင်းအဝယ်ဖြစ်မြောက်ပြီးနောက် ရှယ်ယာ/ငွေ စာရင်းရှင်းလင်း ခြင်းကို အရောင်းအဝယ်ဖြစ်မြောက်သည့်နေ့၏ နောက်ရုံးဖွင့်ရက် (၃) ရက် မြောက်နေ့တွင် ပြုလုပ်ပါမည်။ (ရုံးပိတ်ရက်များတွင်စာရင်း ရှင်းလင်းခြင်း ကို ပြုလုပ်မည်မဟုတ်ပါ။) အရောင်းအဝယ်ဖြစ်မြောက်ပြီး ရရှိမည့် ငွေပမာဏကို ဝန်ဆောင်မှုအသုံးပြုသူမှငွေထုတ်ယူရန် လျှောက်လွှာ တင်သွင်းပါက ထိုငွေပမာဏကို ဝန်ဆောင်မှုအသုံးပြုသူ၏ဘဏ်စာရင်းထဲသို့ အရောင်းအဝယ် ဖြစ်မြောက်ပြီး (၃) ရက်မြောက်နေ့တွင် ထည့်သွင်းပေးမည်။ ငွေသား ထုတ်ယူ၍ မရပါ။

(၂) ရှယ်ယာအရောင်းအဝယ်ဖြစ်မြောက်ပြီးသည်နှင့်တပြိုင်နက် အရောင်းအဝယ် ပြုလုပ်နိုင်သည့် ပမာဏမှာ ချက်ချင်းသက်ရောက်မှုရှိမည် ဖြစ်သောကြောင့် ဝန်ဆောင်မှုအသုံးပြုသူအနေဖြင့် စာရင်းရှင်းလင်းသည့် နေ့မတိုင်မီပင် အဆို ပါ အရောင်းအဝယ်ပြုလုပ်လိုက်သော ပမာဏအတိုင်း အရောင်းအဝယ် အမှာစာများ တင်နိုင်မည်ဖြစ်ပါသည်။

**၄။ အခြားအကြောင်းအရာများ**

**[ဝန်ဆောင်ခ]**

(၁) ဝန်ဆောင်မှုအသုံးပြုသူထံမှ လက်ခံရရှိသော အရောင်းအဝယ်အမှာစာများသည် အရောင်းအဝယ်ဖြစ်မြောက်သွားပါက၊ ဝန်ဆောင်မှုအသုံးပြုသူသည် MSEC အား ကြိုတင်သတ်မှတ်ထားသော အရောင်းအဝယ်အကျိုးဆောင်ခကို ပေးချေရပါမည်။

(၂) ဝန်ဆောင်မှုအသုံးပြုသူသည် ၎င်း၏ ငွေချေးသက်သေခံလက်မှတ် စာရင်းလက်ကျန်အား အခြား ငွေချေးသက်သေခံကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းမည်ဆိုပါက၊ ဝန်ဆောင်မှု အသုံးပြုသူသည် MSEC အား ကြိုတင်သတ်မှတ်ထားသော စာရင်းလွှဲပြောင်းဝန်ဆောင်ခကို ပေးချေရပါမည်။

(၃) အစီရင်ခံစာ အစရှိသော စာရွက်စာတမ်းတို့အား ပေးပို့ပေးရမည်ဆိုပါ က ဝန်ဆောင်မှုအသုံးပြုသူသည် MSEC အား ကြိုတင်သတ်မှတ်ထား သော ဝန်ဆောင်ခကို ပေးချေရပါ မည်။

(၄) ငွေချေးသက်သေခံလက်မှတ်စာရင်းမှ ဝန်ဆောင်မှုအသုံးပြုသူထံသို့ ငွေလွှဲပြောင်းပေးရမည်ဆိုပါက ၊ ဝန်ဆောင်မှုအသုံးပြုသူသည် MSEC အား ကြိုတင်သတ်မှတ်ထားသော ငွေလွှဲဝန်ဆောင်ခကို ပေးချေရပါမည်။

**[ပြင်ပအဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ ပေးပို့ ခြင်း]**

(၁) MSEC သည် တည်ဆဲဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသော အတိုင်းအတာအတွင်း၌ ဝန်ဆောင်မှုအသုံးပြုသူ၏စာရင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များအား စတော့အိပ်ချိန်းနှင့် ရှယ်ယာထုတ်ဝေသော ကုမ္ပဏီအစရှိသည့် ပြင်ပအဖွဲ့အစည်းများသို့ ပေးပို့ရမည် ဖြစ်ပါသည်။

(၂) MSEC သည် ဝန်ဆောင်မှုအသုံးပြုသူက ပေးပို့ထားသော ဘဏ်ငွေစာရင်းကို စတော့အိပ်ချိန်းသို့ အကြောင်းကြားပေးမည် ဖြစ်ပါသည်။

**[အသိပေးကြော်ငြာချက်များ၏ အကျိုးသက်ရောက်မှု]**

MSEC သည် ဝန်ဆောင်မှုအသုံးပြုသူ သိရှိစေရန် လိုအပ်သည့် အချိန်တွင် သတိပေးချက်များ၊ အသိပေးကြော်ငြာများကို MSEC ၏ ဝက်ဘ်ဆိုဒ်မှတစ်ဆင့် သို့မဟုတ်၊ MSEC Mobile Trading App မှတစ်ဆင့် ဖော်ပြကြေငြာသွားမည်ဖြစ်ပြီး၊ ထိုသို့ကြော်ငြာပြီးသည့်အချိန်တွင် ဝန်ဆောင်မှုအသုံးပြုသူအနေဖြင့် အဆိုပါ သတိပေးချက်များ၊ အသိပေးကြော်ငြာများကို သိရှိပြီး ဖြစ်သည်ဟု မှတ်ယူရပါမည်။

နေ့စွဲ :

အမည် :

မှတ်ပုံတင်နံပါတ် :

လက်မှတ် :

**[ရုံးတွင်းအသုံးပြုရန် အတွက်သာ]**

| <စာရင်းအမှတ်> | 1 | 0 | 0 | | | | | | မှတ်ပုံတင်သည့်နေ့စွဲ | ရက်/လ/နှစ် |
|---|---|---|---|---|---|---|---|---|---|---|

| | | | |
|---|---|---|---|
| □ မှတ်ပုံတင်အမှတ်စစ်ဆေးပြီး | □ နောက်ကြောင်းစစ်ဆေးပြီး | □ System သွင်းပြီး | □ PDF ဖိုင်လ်ပြုလုပ်ပြီး |

| | | |
|---|---|---|
| (Receipt by) | (Onto System by) | (Confirmed by) |